## နိုင်ငံတကာငြိမ်းချမ်းရေးနေ့  မြတ်

နိုင်ငံတကာငြိမ်းချမ်းရေးနေ့မြတ်အား ၁၉၈၁ ခုက ကမ္ဘာ့ကုလသမဂ္ဂအတွင်း ဆုံးဖြတ်ချက်ချမှတ်၍ စတင်တည်ထောင်ဆင်နွှဲခဲ့ပေသည်။ ဤသို့ဆင်နွှဲလာရင်းမှ ၂၀၀၁ ခုသို့ရောက်သောအခါ ကုလသမဂ္ဂအတွင်း ဆုံးဖြတ်ချက်အမှတ် ၅၅/၂၈၂ ကိုချမှတ်၍ စက်တင်ဘာလ ၂၁ ရက်နေ့အား နိုင်ငံတကာငြိမ်းချမ်းရေးနေ့မြတ်ကြီးအဖြစ် ဆင်နွှဲကျင်းပရန် အတည်ပြုခဲ့ပေသည်။

ဤငြိမ်းချမ်းရေးနေ့မြတ်ကြီးအား ချမှတ်လိုက်ခြင်းနှင့်အတူ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက အဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂအတွင်းနှင့် ပတ်သက်လှုပ်ရှားနေသော အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအတွင်းနှင့် အစိုးရမဟုတ်သော လူထုအခြေပြုအစုအဖွဲ့များအပြင် တသီးပုဂ္ဂလများကိုပါ ဤနေ့မြတ်ကြီးအား ဆီလျော်သောစိတ်နှလုံးနှင့်ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ပေသည်။ ဤသို့ဆင်နွှဲရာ၌ ပညာရေးစနစ်အတွင်း၊ ပြည်သူလူထု အသိအမြင်တိုးပွားရေးဆိုင်ရာ လုပ်ဆောင်ချက်များမှတဆင့် တကမ္ဘာလုံး၌ အပစ်အခတ်ရပ်စဲမှုများ ဖြစ်ပွားပေါ်ပေါက်လာရေး ရှေးရှု  လုပ်ဆောင်ကြရန် တိုက်တွန်းထားသည်။

ငြိမ်းချမ်းရေးအတွက် ဤသို့စုပေါင်းညီညာစွာလုပ်ဆောင် ဆင်နွှဲရန် ဖိတ်ခေါ်လိုက်ခြင်းဖြင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေနှင့် အစုအဖွဲ့တခုအဖြစ် ညီညွတ်လာစေရန်နှင့် အကြမ်းမဖက်သော ကူးလူးဆက်ဆံမှုများ၊ လှုပ်ရှားမှုများ လိုအပ်နေသည်ဆိုခြင်းကို ပိုမိုသိမြင်ယုံကြည်လာစေရန် ရည်ရွယ်လုပ်ဆောင်ကျင်းပခြင်းဖြစ်သည်။

ယခုနှစ် ၂၀၀၄ ခုတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ ငြိမ်းချမ်းရေးတည်ဆောက်သူ အမျိုးသမီးများအသင်းမှ အမျိုးသမီးများသည်လည်း ဤငြိမ်းချမ်းရေးလှုပ်ရှားမှုကြီးအား လူထုလူတန်းစားအတွင်း လှုပ်ရှားမှုမျိုးစုံ၊ ဆင်နွှဲမှုအဖုံဖုံနှင့် ပါဝင်ဆင်နွှဲလျက်ရှိပါသည်။ ဤအသင်းအနေဖြင့် ငြိမ်းချမ်းရေးစေတမန်များကဲ့သို့မှတ်ယူကာ ကမ္ဘာအဝှမ်းနှင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးအစစ်အမှန် ကေန်လိုအပ်နေပြီဆိုသည်ကို အားလုံးသိမြင်နိုးကြားလာစေရန် ရည်ရွယ်လှုံ့ဆော်လိုက်ပါသည်။

**ငြိမ်းချမ်းရေးသို့သွားရန် အခြားလမ်းမရှိ။**
**ငြိမ်းချမ်းရေးသည်သာ တခုတည်းသောလမ်းဖြစ်၏။**




ကာတွန်း – အဂ္ဂ ရေးဆွဲသည်။

# နိုင်ငံတကာ
# ငြိမ်းချမ်းရေးနေ့မြတ်
## စက်တင်ဘာ ၂၁။ ၂၀၀၄

မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေး
ပျံ့နှံ့လွှမ်းမိုးနိုင်ပါစေသား။



ကမ္ဘာတဝှမ်း စစ်မှန်သောငြိမ်းချမ်းရေး
ပျံ့နှံ့လွှမ်းမိုးနိုင်ပါစေသား။

**ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်း**
**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**
**www.womenofburma.org**

## မြန်မာနိုင်ငံအတွင်းအခြေအနေ

မြန်မာနိုင်ငံတည်းဟူသော နိုင်ငံတခု ၁၉၄၈ ခုနှစ်က ပေါ်ပေါက်လာရခြင်းမှာ ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအားလုံး တန်းတူညီမျှစွာ၊ တန်းတူလွတ်လပ်စွာ အတူတကွနေထိုင်ကြမည်ဟူသော အပြန်အလှန်နားလည်မှုအပေါ်မူတည်၍ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ လွတ်လပ်ရေးရပြီးသောအခါတွင်ကား တိုင်းရင်းသားလူမျိုးများအကြား အဆိုပါအပြန်အလှန်နားလည်မှု ပျက်ပြားခဲ့ရပြီး ထိုအချိန်မှစ၍ ရာစုနှစ်ပေါင်းများစွာကြာ ပြည်တွင်းစစ်ပွဲများဆီသို့ နိုင်ငံအား တွန်းပို့ခဲ့ပေသည်။ နိုင်ငံ၏ ဖွဲ့စည်းပုံအုပ်ချုပ်ပုံအခြေခံဥပဒေမှာလည်း စစ်တပ်၏ ၁၉၆၂ ခုနှစ် အာဏာသိမ်းပွဲနှင့်အတူ ပြိုပျက်ခဲ့ပြီး ယင်းနေရာ၌ ယနေ့တိုင် မင်းလုပ်အုပ်ချုပ်နေသော စစ်အုပ်စုလက်အောက်သို့ မြန်မာနိုင်ငံကျဆင်းခဲ့ရပေသည်။

လွန်ခဲ့သည့် ၁၆ နှစ် ဩဂုတ်လ ၈ ရက် ၁၉၈၈ ခုနှစ်က ရန်ကုန်မြို့အတွင်း၌ လက်နက်မဲ့ငြိမ်းချမ်းစွာ ဒီမိုကရေစီတောင်းဆိုခဲ့သည့် ပြည်သူထောင်ပေါင်းများစွာအား စစ်တပ်ကပစ်ခတ်သတ်ဖြတ်ခဲ့သည်။ ယင်းနောက် ၎င်းစစ်အစိုးရကပင် သူတို့နိုင်မည်အထင်နှင့် ၁၉၉၀ ခုတွင် ရွေးကောက်ပွဲကျင်းပခဲ့သော်လည်း ၎င်းတို့ အရှုံးကြီးရှုံးခဲ့သည့် ရွေးကောက်ပွဲရလာဒ်အား ယခုတိုင် မထီမဲ့မြင်ပြုခဲ့ကြပြန်သည်။

ကမ္ဘာပေါ်ရှိ အာဆီယံ (Asean) အသင်း၊ အခြားနိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပြင် အချုပ်အခြာ အာဏာပိုင်နိုင်ငံတချို့မှ မြန်မာစစ်အစိုးရအား ပူးပေါင်းဆောင်ရွက်ခြင်း၊ ငြိမ်းချမ်းစွာလုပ်ဆောင်ခြင်းနှင့် ဒီမိုကရေစီနည်းကျကျ နိုင်ငံအားအုပ်ချုပ်ရန် အကြိမ်ပေါင်းများစွာ တိုက်တွန်းနေခဲ့သော်လည်း စစ်အစိုးရမှ ၎င်း၏နည်းလမ်းအကြံများကို ပြောင်းလဲပစ်ရန် ယခုအချိန်ထိ စိတ်ဝင်စားမှု မရှိသေးပေ။

မြန်မာစစ်အစိုးရ၏ အုပ်ချုပ်မှုနည်းလမ်းများရလာဒ်မှာ ကျေးရွာများမီးရှို့ဖျက်ဆီးခံရခြင်း၊ အစိုးရလုပ်ငန်းများအတွင်း လူထုအားအတင်းအဓမ္မခိုင်းစေခံရခြင်းအပြင် သာမာန်ပြည်သူများဖြစ်သည့် အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ နေ့တဓူဝဆိုသလိုပင် ညှင်းပမ်းနှိပ်စက်မှု ခံနေကြရသည်။

> **မိမိတို့၏ ကွဲပြားမှုများသည် မိမိတို့၏ အားနည်းချက်မဖြစ်သင့်၊**
> **ဤကွဲပြားမှုများသည် မိမိတို့၏ စွမ်းအင်စွမ်းရည်ဖြစ်ရမည်။**
> ***– ဒေါ် အောင်ဆန်းစုကြည်***

## ပူပေါင်းပါဝင်ပေးရန် ဖိတ်ခေါ်ခြင်း

နိုင်ငံတကာငြိမ်းချမ်းမှုရရှိရေး ဆောင်ရွက်သည့် ဤလှုပ်ရှားမှုအတွင်း မိမိတို့ WLB ငြိမ်းချမ်းရေးအသင်းမှနေ၍ မြန်မာနိုင်ငံအတွင်း ပြဿနာများအား နိုင်ငံတကာအဆင့်၊ ဒေသန္တရအဆင့်နှင့် ဒေသအဆင့်တို့၌ ပိုမိုသိမြင်လာစေရန် ရည်ရွယ်လှုပ်ရှားခြင်းဖြစ်သည်။ အီးယူနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ထိုင်း–မြန်မာနယ်စပ်တို့၌ မိမိတို့မှ ဆုတောင်းပွဲများ၊ ပြည်သူလူထုဆွေးနွေးဖလှယ်ပွဲများ၊ ငြိမ်းချမ်းရေးလှုပ်ရှားမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးဟူသော အမည်နာမအောက်၌ မိမိတို့မှ ရိုးရာကပွဲများအားလည်း တင်ဆက်သွားမည်ဖြစ်ပါသည်။ ကမ္ဘာအဝှမ်း ငြိမ်းချမ်းရေးရရှိတည်မြဲလာရန် ယခုကဲ့သို့ပါဝင် ဆင်နွှဲလှုပ်ရှားစဉ်တွင် မိမိတို့ငြိမ်းချမ်းရေးအသင်းအနေဖြင့် မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိလာရန် အထူးရည်ရွယ်ခြင်းဖြစ်ကြောင်း အသိပေးပြောကြားလိုပါသည်။ ဤရည်ရွယ်ချက်နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တောင်းဆိုချက်များကို တောင်းဆိုလိုက်ပါသည် –

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား ဖမ်းဆီးထားခြင်းမှ လွှတ်ပေးရန်၊
(၂) မြန်မာပြည်ဖွားပြည်သူပြည်သားအားလုံး ၎င်းတို့၏ဇာတိအိမ်ယာများသို့ ငြိမ်းချမ်းလုံခြုံစွာ ပြန်နိုင်သည့်အခွင့်အရေး ရရှိရန်၊
(၃) အောက်တိုဘာလ၊ ၂၀၀၄ တွင်ကျင်းပမည့် အာရှ–ဥရောပ အစည်းအဝေးပွဲကြီး၌ မြန်မာနိုင်ငံပါဝင်မှုအား သဘောမတူကြောင်းဆန္ဒ ပြုရန်၊
(၄) မြန်မာနိုင်ငံအတွင်း စစ်မှန်သောငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ မထွန်းကားသေးသရွေ့ အာဆီယံအသင်း၏ သဘာပတိအဖြစ် ဆောင်ရွက်ခွင့်မပေးရန်တို့ကို တောင်းဆိုတိုက်တွန်းလိုက်ပါသည်။

---

### ဆက်သွယ်ရန် –

ဤလှုပ်ရှားမှုကို ထပ်မံအသေးစိတ်သိလိုပါက နော်လေးဒီအား ၀၇ ၁၇၂ ၆၅၆၆ တွင်၎င်း၊ မိုင်းဂျာအား ၀၁ ၅၉၄ ၂၀၁၂ နှင့် hsawzhn@yahoo.com တွင်၎င်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ တိုင်းရင်းသူအမျိုးသမီးအဖွဲ့ပေါင်း (၁၁) ဖွဲ့နှင့်ဖွဲ့စည်းထားသည့် အဖွဲ့ချုပ်ဖြစ်ပါသည်။ အဖွဲ့ချုပ်အား ၁၉၉၉ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး အမျိုးသမီးများ၏လုပ်ပိုင်ခွင့်၊ အမျိုးသမီးများလူမှုဘ၀ တိုးတက်မြင့်မားရေးနှင့် မြန်မာနိုင်ငံလူမှုအသိုင်းအဝိုင်းအတွင်း၊ ဒီမိုကရေစီရေးလှုပ်ရှားမှုအပြင် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းများအပါအဝင် လူမှုနယ်ပယ်အသီးသီး၌ အမျိုးသမီးများပါဝင်လာရေးတို့အား ဦးတည်လုပ်ဆောင်လျက်ရှိပါသည်။ အသေးစိတ်အချက်အလက်များ သိလိုပါက –
**www.womenofburma.org** တွင် ရရှိနိုင်ပါသည်။

## ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်း

အဖွဲ့ချုပ်၏ ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်းအား ၂၀၀၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံအတွင်း စစ်မှန်သောငြိမ်းချမ်းရေး၊ တရားမျှတမှု၊ လူ့အခွင့်အရေး၊ တန်းတူညီမျှမှုအခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုအတွင်း တိုင်းရင်းသူအမျိုးသမီးများအားလုံး ပူပေါင်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်လုပ်ဆောင်နေခဲ့ခြင်း ဖြစ်ပါသည်။ ငြိမ်းချမ်းရေးတည်ဆောက်သူများအသင်းမှ ငြိမ်းချမ်းရေးကို လူသားတစ်ဦးချင်းအဆင့်၊ မိသားစုအဆင့်၊ ရပ်ရွာအသိုင်းအဝိုင်းအဆင့်နှင့် နိုင်ငံတော်အဆင့်တို့၌ အတူတကွတည်ဆောက်ခြင်းဖြင့် ယုံကြည်မှု၊ စည်းလုံးညီညွတ်မှုနှင့် အပြန်အလှန်နားလည်နိုင်မှုတို့ ရရှိရေးတို့ကို ဦးစားပေးရည်ရွယ်၍ လုပ်ဆောင်နေခြင်းဖြစ်ပါသည်။

အသင်းမှနေ၍ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ပဋိပက္ခဖြေရှင်းခြင်း၊ ကြားဝင်ဖြန်ဖြေဆောင်ရွက်ခြင်းနှင့် စေ့စပ်ဆွေးနွေးခြင်း အစရှိသည့်နည်းပညာများကို နယ်စပ်ဒေသရှိ အမျိုးသမီးများနှင့် အမျိုးသားများအား သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ မိမိတို့အသင်းသည် ယခုလက်ရှိ၌ လူမျိုးစုဆယ်မျိုးကျော်မှ တိုင်းရင်းသူအမျိုးသမီးအဖွဲ့ဝင်များနှင့် ဖွဲ့စည်းလုပ်ဆောင်နေပြီး ဒေသအဆင့်၌ ငြိမ်းချမ်းရေးပညာပေး လူထုစည်းရုံးလှုံ့ဆော်လှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။